Chin National Front
General Headquarters
Chinland
www.chinland.org

## ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ တို့အကြား အချက် (၁၅) ချက်ပါ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့် ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦးမှ ပြည်သူများသို့ ရှင်းလင်းတင်ပြချက်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် သမ္မတ မှ ဖွဲ့စည်းတာဝန်ပေးထားသည့် ပြည်ထောင်စုရထားပို့ဆောင်ရေးဝန်ကြီး သီရိပျံချီ ဦးအောင်မင်း ဦးဆောင်သည့် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒေါက်တာရွှေခါး၏ ဦးဆောင်သည့် ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ တို့အကြား အချက် (၁၅) ချက်ပါ သဘောတူညီချက်လက်မှတ်ရေးထိုးရခြင်းနှင့်ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ရပ်တည်ချက်များ၊ သဘောထားများ နှင့် ပါတ်သက်ပြီး ပြည်သူပြည်သားများ သဘောပေါက်နားလည်စေလိုသဖြင့် ဤရှင်းလင်းချက်ကိုထုတ်ပြန်လိုက်ရခြင်း ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့သည့် ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြန်လည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးတို့အတွက် အနနည်းဖြင့်အဖြေရှာမရသည့်အဆုံး လက်နက်ကိုင်တော်လှန်ရေးကို ၂၄ နှစ်ကြာ ဆင်နွဲလာခဲ့သည်။

၁၉၉၃ခုနှစ်တွင် ကျင်းပသည့်ပထမအကြိမ် ချင်းအမျိုးသားတပ်ဦး ပါတီညီလာခံ၏ ဆုံးဖြတ်ချက် အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရင်းခံနိုင်ငံရေး ပြသနာများဖြစ်သည့် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တည်းခွင့်ပြန်လည်ရရှိရေးနှင့် ဒီမိုကရေစီအရေးများအား စစ်ရေးနည်းအရ မဖြေ ရှင်းပဲ၊ နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာ ဖြေရှင်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အဆိုပါညီလာခံ ဆုံးဖြတ်ချက်နှင့်အညီ၊ ချင်းအမျိုးသားတပ်ဦးသည် ယခင်တပ်မတော်အစိုးရများနှင့်ဖြစ်စေ၊ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲအပြီးဖွဲ့စည်းသည့် သမ္မတဦးသိန်းစိန်အစိုးရနှင့်ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေးပြသနာများကို ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေး ကြိုးပမ်း လုပ်ဆောင်လာ ခဲ့သည်။

### ငြိမ်းချမ်းရေးဆွေးနွေးမှုများ

၁၉၉၄ခုနှစ်မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) စစ်အစိုးရ သည် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် ချင်းအမျိုးသားတပ်ဦးအား ဘာသာရေး ခေါင်းဆောင်များမှ တဆင့်ချဉ်းကပ်လာခဲ့ပြီး ၁၉၉၆ခုနှစ်မှစ၍ ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင်များမှတဆင့် ငြိမ်းချမ်း

ရေးဆွေးနွေးရေး ပြုလုပ်နိုင်ရေး ကြိုးပမ်းမှုများပြုလုပ်လာသည်။ ထိုမှတဆင့် ဒေါက်တာရွှေခါး၏ ဦးဆောင်သည့် ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ဗိုလ်မှူးကြီး မင်းထင် ဦးဆောင်သည့်တပ်မတော်အစိုးရကိုယ်စားလှယ်များ ချင်းပြည်နယ်၊ရိစခန်းတွင်၂၀၀၇ခုနှစ်၊မတ်လ၁၅-၁၆ရက်နေ့များတွင် တွေ့ဆုံကာပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပြုလုပ်နိုင်ခဲ့ကြသည်။ ဤဆွေးနွေးပွဲတွင် သဘောတူညီချက် တစုံတရာ လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသော်လည်း ဆက်လက်ပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် နှုတ် အားဖြင့် သဘောတူခဲ့ကြသည်။ သို့ရာတွင် ၂၀၀၇ခုနှစ်မှစပြီး ၂၀၁၁ခုနှစ် အထိ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။

## အမျိုးသားညီလာခံ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲ

ချင်းအမျိုးသားတပ်ဦးသည် အမျိုးသားညီလာခံနှင့် အဆိုပါညီလာခံမှထွက်လာမည့် ရလဒ်များအား တစိုက်မတ်မတ် ဆန့်ကျင်လာခဲ့သည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အား လူထုဆန္ဒခံယူစဉ်က ပြည်သူများ၏သဘောဆန္ဒအမှန်အား ထင်ဟပ်ပေါ်လွင် ခြင်းမရှိသဖြင့်၊ ဆန့်ကျင်ကန့်ကွက်မဲပေးရန်စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခဲ့သည်။ သို့သော်၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပသည့် စတုတ္ထအကြိမ် ပါတီညီလာခံ ဆုံးဖြတ်ချက်အရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံခြင်း မရှိသော်လည်း ရွေးကောက်ပွဲတွင် ဝင် ရောက် ယှဉ်ပြိုင်ခြင်းများသည် တသီးပုဂ္ဂလအခွင့်အရေးအဖြစ်လက်ခံပြီး ၁၉၆၂ ခုနှစ် မှစ၍ ဆိတ်သုဉ်းခဲ့သည့် ဒီမိုကရေစီကျင့်စဉ်များ၊ လွှတ်တော်ကျင့်စဉ် များ ပြန်လည်ထွန်းကားရေး မျှော်လင့်ချက်ဖြင့် နားလည်မှုပေးခဲ့သည်။

## သမ္မတ ဦးသိန်းစိန်အစိုးရ ၏ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုများ

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်သမ္မတဦးသိန်းစိန်က ပြည်ထောင်စု လွှတ်တော် တွင် မိန့်ခွန်းပြောကြားရာ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးပေး ပြောကြားခဲ့ သည့် အပြင် ပြည်သူ့လွှတ်တော်မှတဆင့် ဦးအောင်သောင်း ဦးဆောင်သော "ပြည်တွင်း ငြိမ်းချမ်းမှုဖော်ဆောင်ရေးကော်မတီ"နှင့် နိုင်ငံတော်အစိုးရမှတဆင့် ပြည်ထောင်စု ရထားပို့ ဆောင်ရေးဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် "ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေး ရေးအဖွဲ့" တို့ကိုဖွဲ့စည်းကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲပြီးနိုင်ငံရေးဆွေးနွေးပွဲများ မှတဆင့် ပြည်ထောင်စုအတွင်းရှိ နိုင်ငံရေးပြဿနာများကို ဖြေရှင်း ရန် ကြိုးပမ်းလုပ်ဆောင်လာခဲ့သည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့တွင် မြန်မာအစိုးရမှ ကြေညာချက်အမှတ် ၁/၂၀၁၁ ထုတ်ပြန်ကာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ပဏာမတွေ့ဆုံဆွေးနွေးရေးကို ပြည်နယ်အဆင့်မှ စတင်ပြုလုပ်ရန် ကမ်းလှမ်းမှုများပြုလုပ်လာခဲ့သည်။ ဤကမ်းလှမ်းမှုများတွင် ရန်လိုတိုက်ခိုက်မှုများ ရပ်ဆိုင်းရန်၊ ဆက်သွယ်ရေးရုံးများဖွင့်လှစ်ရန်၊ လွတ်လပ်စွာတပြည်လုံး သွားလာခွင့်ပြုရန်နှင့် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရန် တို့ပါဝင်သည်။ ဤသို့ကမ်းလှမ်းမှု၏ ရလဒ်အဖြစ် ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၆-၇) ရက်နေ့များတွင် United Wa State Army ( UWSA) ၊ National Democratic Alliance Army (NDAA) တို့နှင့်၎င်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၃) ရက်နေ့ Democratic Karen Buddhist Army (DKBA) နှင့် ၎င်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့တွင်

Restoration Council of Shan State (RCSS/SSA) နှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်များချုပ်ဆို နိုင်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦးသည် သမ္မတဦးသိန်းစိန်မှတာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စု ရထား ပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်းနှင့် ချင်းအမျိုးသားတပ်ဦး၏ စတုတ္ထအကြိမ်ပါတီ ညီလာခံသက်တမ်း ဥက္ကဌ Pu Zing Cung နှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး Dr. Sui Khar တို့သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ နယ်စပ် တနေရာတွင် တွေ့ဆုံခဲ့ကြသည်။ ထို့အပြင် နှစ်ဖက်ကိုယ်စားလှယ်များမှ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်တွင်တရားဝင် ပြန်လည်တွေ့ဆုံကြရန်သဘော တူညီခဲ့ကြသည်။ ယင်းသို့တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်လာနိုင်ရေးအတွက် ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ မှတဆင့် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင်တရားဝင်တွေ့ဆုံမည့် နေ့ရက်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၅-၆) ရက်နေ့ကို သတ်မှတ်အတည်ပြုခဲ့ကြသည်။

**ဟားခါးငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးခြင်း**

ချင်းအမျိုးသားတပ်ဦးပါတီ၏ တာဝန်ပေးချက်အရ ဒေါက်တာရွှေခါးရိ (အဖွဲ့ခေါင်း ဆောင်)၊ ပူးအက်ချ်စီရာလ်နင်း (ဒုတိယအဖွဲ့ခေါင်းဆောင်) နှင့်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဆလိုင်း ငွန်ကျုံးလျန်၊ ဗိုလ်မှူးကြီးဆော်လမွန်၊ ပူးရှိခေါ်မာ၊ပူးထက်နီ၊ ပူးငိုင်ကြားထန်၊ ပူးလှထွန်း၊ ဆလိုင်း ပီတာလျန်နှင့် အရာခံဗိုလ်ခင်မောင်လေး တို့သည် ချင်းအမျိုးသား တပ်ဦးဌာနချုပ်မှဟားခါးမြို့သို့ ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင်များနှင့်အတူဇန်နဝါရီလ(၄) ရက် နေ့တွင်ရောက်ရှိလာကြသည်။ ဇန်နဝါရီလ (၅) ရက်နေ့တွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ဗိုလ်မှူးကြီးဇော်မင်းဦး ဦးဆောင်သည့်အဖွဲ့နှင့်၎င်း၊ ဇန်နဝါရီလ(၆)ရက်နေ့တွင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် သီရိပျံချီဦးအောင်မင်း၊ ဦးဝင်းထွန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းတို့အပါအဝင် ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့်ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ်များ လွပ်လပ်ပွင့်လင်းစွာ ဆွေးနွေးမှုများပြုလုပ်ပြီးနောက်၊အချက်(၉) ချက်ပါ ငြိမ်းချမ်း ရေး သဘောတူညီချက်အား နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ အဆိုပါ သဘောတူ ညီချက်များမှာ-

(၁) ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရေးထိုးပြီးသည်နှင့် တပြိုင်နက် နှစ်ဦး
နှစ်ဖက်မှ ရန်လိုတိုက်ခိုက်မှုများ ရပ်စဲရန်သဘောတူခြင်း၊

(၂) ဆက်ဆံရေးရုံးများ ထန်တလန်မြို့၊ တီးတိန်မြို့နှင့် မတူပီမြို့များတွင် ဖွင့်လှစ်ရန်
သဘောတူပြီး၊ ချင်းအမျိုးသားတပ်ဦး/တပ်မတော် ယာယီအခြေပြုနေထိုင်ရန် နယ်မြေ (၃)
ခုအားသတ်မှတ်ခြင်း၊

(၃) လက်နက်ကိုင်ဆောင်ခြင်းမရှိပါက ပြည်ထောင်စုတဝှမ်းလုံး လွပ်လပ်စွာသွားလာ နိုင်ခွင့်
သဘောတူညီခြင်း၊

(၄) နိုင်ငံရေးတွေ့ဆုံဆွေးနွေးရန် အခြေခံမူ (၆) ခုသတ်မှတ်သဘောတူညီခြင်း၊

(၅) ချင်းပြည်သူများနှင့် လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်းမှုပြုလုပ်နိုင်ရန် သဘောတူညီ ခြင်း၊

(၆) နိုင်ငံတကာမှ အစိုးရမဟုတ်သည့်ပရဟိတအဖွဲ့ (NGOs) များကို ချင်းပြည်နယ် နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းပရဟိတလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ လွတ်လပ် စွာလုပ်ကိုင်ခွင့်ပြုရန် သဘောတူညီခြင်း၊

(၇) ချင်းပြည်နယ်အား ဆင်းရဲမွဲတေမှုများမှ ကယ်ဆယ် နိုင်ရန် အထူးစီးပွားရေးဇုံ (Special Economic Zone) များဖွင့်လှစ်ကာ ခေတ်မီတိုးတက်သည့် ပြည်နယ် တခုအဖြစ် ပြုလုပ်ရန် သဘောတူခြင်း၊

(၈) ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းအမျိုးသားတပ်ဦး နှင့် ချင်းပြည်နယ် အစိုးရတို့ အပြန်အလှန်အကြံပေးခြင်း၊ ပူးတွဲလုပ်ဆောင်ခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်း များပူးတွဲ လုပ်ဆောင်ရန်သဘောတူခြင်း၊

(၉) ချင်းပြည်နယ်တဝှမ်းလုံး လူ့ညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်း လုပ်ဆောင်ရန် စသည့် အချက် ၉ ချက်ပေါ် သဘောတူညီမှုများပြုလုပ်ခဲ့သည်။

ပြည်နယ်အဆင့် ပဏာမဆွေးနွေးမှုများပြုလုပ်ပြီး သဘောတူညီချက် (၉) ချက်ရရှိပြီး နောက် ချင်းအမျိုးသားတပ်ဦးနည်းတူ KNU နှင့် ၂၀၁၂ ခု ဇန်နဝါရီလ ၁၂ ရက်နေ့တွင်၎င်း၊ SSPP (SSA-N) အဖွဲ့နှင့် ဇန်နဝါရီလ ၂၈ ရက်နေတွင်၎င်း၊ NMSP အဖွဲ့နှင့် မတ်လ ၁ ရက်တွင် ၎င်း၊ KNPP အဖွဲ့နှင့် မတ်လ ၇ ရက်နေ့တွင်၎င်း၊ ALP အဖွဲ့နှင့် ဧပြီလ ၅ ရက်တွင်၎င်း၊ NSCN (K) အဖွဲ့နှင့် ဧပြီလ ၉ ရက်နေ့တွင် ပဏာမအဆင့် သဘောတူညီချက်များကို လက်မှတ်ရေး ထိုးနိုင်ခဲ့ကြသည်။ ထိုမှတဆင့် ဒုတိယအကြိမ်သဘောတူညီချက်များကို ဇန်နဝါရီလ ၁၆ ရက်နေ့တွင် RCSS၊ ဧပြီလ ၆ ရက်နေ့တွင် KNU၊ ဧပြီလ ၁၀ ရက်နေ့တွင် NMSP နှင့် မေလ ၇ ရက်နေ့တွင် CNF နှင့်သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ တို့သည် ချင်းပြည်နယ် ဟားခါးမြို့တွင် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးရေးကို ၂၀၁၀ ခုနှစ် မေလ ၇-၈ ရက်နေ့တွင်ပြုလုပ်ရန်သဘောတူခဲ့ကြသည်။ အရေးပေါ် ပါတီညီလာခံ၏ ဆုံးဖြတ်ချက်၊ ပါတီဗဟို ကော်မတီ၏ဆုံးဖြတ်ချက်များ၊ အဓိပတိကောင်စီ၏ လမ်းညွှန်ချက်များနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီ ၏ဆုံးဖြတ်ချက်များအရ ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် ဆွေးနွေးရန် အဖွဲ့ခေါင်း ဆောင် ဒေါက်တာရွှေခါးရဲ နှင့်ဒုတိယအဖွဲ့ ခေါင်းဆောင် ဒေါက်တာဆလိုင်းငွန်ကျူးလျန် အပါအဝင် အဖွဲ့ဝင် များအဖြစ် ပူးထန်ဖဲန်း၊ ပူးရာလ်နင်း၊ ပူး ထန်းနိမ်းကီး၊ ပူးရိုခေါမာ၊ ပူးထက်နီ၊ ပူးဟောင်ကန်၊ ပူး ဒေးနီးလ်ဆာခေါင်း၊ ဗိုလ်မှူးချုပ် ဟရန်းသင်ထိုက်၊ ပူးမန်လိုင်း၊ ပူးလှထွန်း၊ ဆလိုင်းပီတာလျန်၊ ဗိုလ်မှူး ဟရဲတလိန်း၊ ဗိုလ် ဂျေစီ၊ ဗိုလ်လင်းလော့ နှင့် ကိုယ်ရေးအရာရှိ ဒု-ဗိုလ် ခင်မောင်လေး တို့အား ရွေးချယ် တာဝန်ပေးအပ်ခဲ့သည်။

ဒေါက်တာရွှေခါးရဲ ဦးဆောင်သည့် အဖွဲ့ဝင် (၁၇) ဦးပါ ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်း ရေး ဆွေးနွေးရေး အဖွဲ့သည့် ၂၀၁၂ခုနှစ် ဧပြီလ (၃၀) ရက်နေ့တွင် အိန္ဒိယ-မြန်မာ နယ်စပ်မှ တဆင့် ထွက်ခွါ၍ ချင်းပြည်နယ် ဖလမ်းမြို့၊ ဟားခါးမြို့၊ ရေရှာမြို့၊ မတူပီမြို့၊ ထန်တလန်မြို့များ တွင် ပြည်သူများနှင့် ရင်းနီးပွင့်လင်းစွာဖြင့်တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြသည်။ ချင်းအမျိုးသား တပ်ဦး၏ ငြိမ်းချမ်း ရေးဆွေးနွေးရေးအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးများ၏ ဖိတ်ကြားချက်အရ မေလ (၆) ရက်နေ့ ပြည်ထောင်စုရိပ်သာဖွင့်ပွဲတွင်လည်း ချင်းပြည်သူများနှင့် အတူ ပါဝင်ခဲ့ကြသည်။ မေလ (၇) ရက် နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်း ဆောင် သီရိပျံချီဦးအောင်မင်း ဦးဆောင် သည့် အဖွဲ့ဝင် (၉) ဦးပါ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ နှင့် ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရွှေခါးရဲ ဦးဆောင်သည့်

အဖွဲ့သည် ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမတွင် မနက် (၉) နာရီမှညနေ (၆) နာရီခွဲအထိ ဆွေးနွေးခဲ့ကြပြီး အချက် (၁၅) ချက်ပါ အောက်ပါ သဘောတူညီချက်များကို နှစ်ဦးနှစ်ဖက် သဘောတူ လက်မှတ် ရေးထိုးနိုင်ခဲ့ကြသည်။ ယင်းသဘောတူညီချက်များမှာ၊

## (၁) အပစ်အခတ်ရပ်စဲခြင်း သဘောတူညီချက်၊

ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်ပါ အပစ်အခတ်ရပ်စဲခြင်းအား ပြည်ထောင်စု အဆင့် သဘောတူညီချက်အဖြစ် သဘောတူသည့်အပြင်၊ ပြည်ထောင်စုတဝှန်းလုံးတွင် ရန်လို တိုက်ခိုက်မှုများချုပ်ငြိမ်းပြီး၊ တတိုင်းပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲခြင်း ပြုလုပ်နိုင်ရေး ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ မှပူးပေါင်းလုပ်ဆောင်သွားရန်၊

## (၂) ချင်းအမျိုးသားတပ်မတော် အခြေပြုနေထိုင်မည့်နေရာများ သဘောတူညီချက်၊

ပဏာမသဘောတူညီချက်ပါ ယာယီအခြေပြုနေထိုင်ခြင်းနှင့် ပါတ်သက်၍ ထန်တလန် (Thantlang) မြို့နယ်ရှိ တလန်ပီး (Tlangpi)၊ ဇန်တလန် (Zangtlang) နှင့် ဒွန်း (Dawn) ကျေးရွာအုပ်စုများ၊ တီးတိန်မြို့နယ်ရှိ ဇိမ်ပီး (Zimpi)၊ နှင့် ဘုတ်ဖိရ် (Bukphir) ကျေးရွာအုပ်စု များတွင် ချင်းအမျိုးသားတပ်မတော်သားများ လွပ်လပ်စွာပြောင်းရွှေ့အခြေချနေထိုင်ခွင့်ပြုရန် သဘောတူသည်။

ပလက်ဝမြို့နယ်ရှိ ကုန်ပြင် (Kungpin)၊ ပါရာ (Para) နှင့် ပထိန်တလန် (Pathiantlang) ကျေးရွာအုပ်စုများအတွင်း ချင်းအမျိုးသားတပ်ဦးများ နေထိုင်ရေးနှင့်ပါတ် သက်ပြီး၊ လုံခြုံရေးအရ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သဖြင့် ပြည်နယ်အဆင့် သဘောတူထားသည့်အချက်အား ပြည်ထောင်စုအဆင့် ဒုတိယအကြိမ်ဆွေးနွေးရာတွင် ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

၎င်းအပြင် ချင်းအမျိုးသားတပ်ဦးမှ ထပ်မံတောင်းဆိုထားသည့် ထန်တလန် (Thantlang) မြို့နယ်ရှိ ဘဲလ်ဟာရ် (Belhar) ကျေးရွာအုပ်စု၊ ဗန်ဇန် (Vanzang) ကျေးရွာအုပ်စု၊ လုံဒိန်း (Lungding) ကျေးရွာအုပ်စု၊ လူလ်ပီလုံ (Lulpilung) ကျေးရွာ၊ တီးတိန် (Tiddim) မြို့နယ်ရှိ ဒမ်ပီး (Dampi) အုပ်စု၊ သွီးဒီလ် (Tuidil) ကျေးရွာအုပ်စု၊ ပလက်ဝ (Paletwa) မြို့နယ်ရှိ ရှာအို (Sau-u) အုပ်စု၊ ရွှေလက်ဝ (Shweletwa) အုပ်စု၊ ရကန် (Rakan) စသည့်ကျေးရွာများတွင် အခြေပြု နေထိုင် ခွင့်နှင့် ပါတ်သက်၍၊ ပြည်ထောင်စုအဆင့် ဒုတိယအကြိမ်ဆွေးနွေးရာတွင် ထည့်သွင်းဆွေးနွေးရန် သဘောတူသည်။

ပြည်ထောင်စုအဆင့် သဘောတူညီချက်များအရ လက်နက်ကိုင်ဆောင်ခြင်းမရှိ၊ အရပ်ဝတ် ဝတ်ဆင်ထားသည့် ချင်းအမျိုးသားတပ်ဦးနှင့် တပ်မတော်သားများသည် လွပ်လပ်စွာဖြင့် ဥပဒေနှင့် အညီ ခရီးသွားလာခွင့်ရှိသည့်အပြင်၊ တပ်ပြောင်းရွှေ့ခြင်းနှင့် အခြားအရေးကြီးသည့် ကိစ္စများတွင် နှစ်ဦးနှစ်ဖက်ကြိုတင်ညှိနှိုင်းသဘောတူညီချက်များရယူရမည်။

## (၃) ဆက်ဆံရေးရုံးများဆိုင်ရာ သဘောတူညီချက်

ပြည်ထောင်စုအဆင့်သဘောတူညီချက် ရေးထိုးပြီးသည်နှင့် ထန်တလန်၊ မတူပီနှင့် တီးတိန် မြို့ဆက်ဆံရေးရုံးများကို အမြန်ဆုံးဖွင့်လှစ်ရန်နှင့် ဆက်ဆံရေးတာဝန်ခံများကို ၎င်းတို့၏ အဆင့် ရာထူး နှင့်ညီမျှသည့်ဆက်ဆံရေးများပေးရမည့်အပြင်၊လိုအပ်ပါကလုံခြုံရေးအား ချင်းပြည်နယ်အစိုးရမှ တာဝန် ယူရန်သဘောတူသည်၊

## (၄) နိုင်ငံရေးဆွေးနွေးရာတွင် အခြေခံရမည့် မူဝါဒများ ဆိုင်ရာသဘောတူညီချက်

ပြည်နယ်အဆင့်တွင် သဘောတူညီထားသည့်အတိုင်း ဒို့တာဝန်အရေးသုံးပါးအပြင် ဒီမိုက ရေစီရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားများအရေး စသည်တို့အား အခြေခံ ပြီးဆွေးနွေးမည်။ ထိုသို့ဆွေးနွေးရာတွင် ပင်လုံစိတ်ဓါတ်ကို အခြေခံသော တန်းတူညီမျှမှုနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေးပြဌာန်းခွင့်တို့ကို အခြေခံသည့်ပြည်ထောင်စုစစ်စစ် တည်ဆောက်နိုင်ရေးတို့ကို ဆက်လက် ဆွေးနွေးရန် သဘောတူသည်။

## (၅) အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများဆိုင်ရာ သဘောတူညီချက်

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ သဘောတူလက်မှတ်ရေးထိုးထားသည့် အပြည်ပြည် ဆိုင်ရာ စာချုပ်စာတမ်းများနှင့် သမစိတ္တဝတ္တရား (Moral Obligation) များအရ လေးစား လိုက်နာအပ်သော လူ့အခွင့်အရေးဆိုင်ရာ စာတမ်းများနှင့် ပါတ်သက်ပြီး ပြည်ထောင်စုအဆင့် ဆွေးနွေးရာတွင် ထည့်သွင်း စဉ်းစားရမည်။

## (၆) ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်ခြင်းဆိုင်ရာသဘာတူညီချက်

ချင်းအမျိုးသားတပ်ဦး၏ ဦးတည်ချက် (၃) ရပ်နှင့် ဒို့တာဝန် အရေးသုံးပါးအား အခြေခံလျှက် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေး ဖော်ဆောင် နိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦး အနေဖြင့် သက်ဆိုင်ရာတာဝန် ရှိသူများနှင့် ကြိုတင် ညှိနှိုင်းပြီး ပြည်သူများနှင့် လွပ်လပ်စွာတွေ့ဆုံဆွေးနွေး တိုင်ပင်ခြင်းများ ပြုလုပ်ရန် သဘောတူသည်။

## (၇) ပရဟိတအဖွဲ့များသက်ဆိုင်သည့် သဘောတူညီချက်

နိုင်ငံတကာနှင့်ပြည်တွင်း ပရဟိတအဖွဲ့များ အနေဖြင့် ချင်းပြည်နယ်အတွင်း ပရဟိတ လုပ်ငန်း များ လုပ်ဆောင်ရန် ချင်းအမျိုးသားတပ်ဦးမှတဆင့် တင်ပြလာပါက သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနသည် လုပ်ပိုင်ခွင့် လိုင်စင်များအား တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးရန် မူအားဖြင့် သဘောတူသည်။ ချင်းပြည်နယ် အတွင်း ပရဟိတလုပ်ငန်း လုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရထံမှ ခွင့်ပြုချက် ရရှိထားသည့် ပရဟိတအဖွဲ့နှင့် ချင်းပြည်နယ်အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုးရာတွင် ချင်းအမျိုးသားတပ်ဦးအား တိုင်ပင် ဆောင်ရွက်ရန် သဘောတူသည်။

**(၈) လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်မှုမြှင့်တင်ရေးဆိုင်ရာ သဘောတူညီချက်**

လူမှုစီးပွားတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်မှု မြှင့်တင်ရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများသည် ချင်းပြည်နယ်နှင့် ချင်းလူထုအကြားတွင် အဆိုပါ လုပ်ငန်းများအား လုပ်ဆောင်လိုပါက၊ သက်ဆိုင်ရာအစိုးရနှင့် ကြိုတင်ညှိနှိုင်းပြီး တည်ဆဲဥပဒေနှင့်အညီ လွပ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန် သဘောတူသည်။

**(၉) မူးယစ်ဆေးဝါးပူးတွဲနှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်**

ချင်းပြည်နယ်အတွင်းရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၁ အရ ဖွဲ့စည်းထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အဖွဲ့များနှင့် ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော် တို့သည် လက်တွဲပူးပေါင်း ဆောင်ရွက်ရန် သဘောတူသည်။

**(၁၀) ပြည်ပရောက်ချင်းအမျိုးသားများ ပြည်ဝင်ခွင့်ဗီဇာများဆိုင်ရာ သဘောတူညီချက်**

နိုင်ငံခြားသားခံယူထားသည့် ချင်းအမျိုးသားများသည် ပြည်ထောင်စုမြန်မာနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်လိုပါက ၎င်းတို့အတွက်လိုအပ်သည့် ပြည်ဝင်ခွင့် အထူးဗီဇာကို ချင်းအမျိုးသားတပ်ဦးမှတဆင့် တင်ပြလာပါက ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဆက်လက်ကူညီဆောင်ရွက်ပေးရန် သဘောတူသည်။

**(၁၁) ချင်းအမျိုးသားနေ့ နှင့် ချင်းပြည်နယ်နေ့ဆိုင်ရာ သဘောတူညီချက်**

ချင်းအမျိုးသားနေ့အဖြစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့အား ပြန်လည်သတ်မှတ်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် သဘောတူသည်။ ချင်းပြည်နယ်နေ့ကို ဇန်နဝါရီလ (၃) ရက် သတ်မှတ်ရေး ဆက်လက်ကြိုးပမ်း လုပ်ဆောင်ရန် သဘောတူသည်။

**(၁၂) ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်ဆိုင်ရာ သဘောတူညီချက်**

ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် စိတ်ချရသည့် အခြေအနေတွင် ချင်းအမျိုးသားတပ်ဦးအား မတရားအသင်းအဖွဲ့များ အဖြစ်မှ ပယ်ဖျက်ရန်၊

ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်တို့ကြောင့် ဖမ်းဆီးအကျဉ်းကျခံနေသည့် ချင်းအမျိုးသား မည်သူမဆို ဤသဘောတူညီချက် လက်မှတ်ရေးထိုးသည့် အချိန်မှစပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြရန် နှင့် ယင်းကိစ္စအား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဆောင်ရွက်ပေးရန်၊

ချင်းအမျိုးသားတပ်ဦးမှ ထုတ်ပေးသည့် သက်သေခံကပ်ပြား နမူနာတစ်စုံအား ချင်းပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးရုံးများတွင် ထားရှိရန်နှင့်အဆိုပါကပ်ပြား ကိုင်ဆောင်ထားသူ မည်သူမဆို၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား လျှောက်ထားပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပေးရန်၊

ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင်များထဲမှ အမည်မဲ့ စာရင်းသွင်းခံရသူများအား အဆိုပါစာရင်းမှ ဖယ်ရှားပေးရန်အတွက် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် ပေးရန်နှင့်၊

ပြည်ထောင်စုအဆင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း ချင်းအမျိုးသား တပ်ဦးအဖွဲ့ဝင်များနှင့် ချင်းအမျိုးသားတပ်မတော်သား မည်သူမဆို နောက်ကြောင်းပြန် တရားစွဲဆိုခြင်းမှ လုံးဝကင်း လွတ်စေရန် သဘောတူသည်။

## (၁၃) အခြေခံအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ တားမြစ်ချုပ်ချယ်ခြင်း၊ ဟန့်တားခြင်း၊ မျက်နှာသာပေးခြင်း၊ အကြမ်းဖက်ခြင်း စသည့် အခြေခံဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်များ လုံးဝမရှိရန် နှစ်ဦးနှစ်ဖက်မှ ပူးတွဲလုပ်ဆောင်ရန်၊

“နိုင်ငံသားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ” အား ကျူးလွန်သူ မည်သူမဆို တရားဥပဒေနှင့်အညီ ထိုက်တန်စွာ အရေးယူအပြစ်ပေးရန်နှင့် နောက်နောင်တွင် အလားတူ အခြေခံလူ့အခွင့် အရေးများ ကျူးလွန်ခြင်းမရှိစေရေး နှစ်ဦးနှစ်ဖက်မှ ပူးတွဲကြိုးပမ်း လက်တွဲ လုပ်ဆောင်သွားရန်နှင့်၊

အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း နှစ်ဦးနှစ်ဖက်မှ အတင်းအဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်ပြုခြင်း၊ လူကုန်ကူးခြင်းစသည့် အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည့် လုပ်ရပ်များကို ချင်းပြည်နယ်အတွင်း နှစ်ဦးနှစ်ဖက်မှ ကျူးလွန်ခြင်းမပြုရန် သဘောတူသည်။

## (၁၄) “အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှုစောင့်ကြည့်ရေးအဖွဲ့” ဖွဲ့စည်းရေးသဘောတူညီချက်

ဤသဘောတူထားသည့် အချက်များကို လက်မှတ်ရေးထိုးထားသူများက လိုက်နာခြင်းရှိမရှိကို ကြားနေစောင့်ကြည့်လေ့လာမည့် “အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့" ကို ဥပဒေပညာရှင်များအား ပါဝင်စေလျက် ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင် အဖွဲ့အား အခြေပြုပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖွဲ့စည်းသွားရန်၊

အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့၏ လုပ်ငန်းတာဝန် များမှာ ပဏာမအဆင့် သဘောတူညီချက် (၉) ချက်အပါအဝင် ပြည်ထောင်စုအဆင့် သဘောတူညီချက်များအား ပြည်ထောင်စုအစိုးရ၊ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ချင်းပြည်နယ်အစိုးရ၊ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်တို့မှ လေးစားလိုက်နာခြင်း ရှိမရှိကို လေ့လာစောင့်ကြည့်၍ ကျူးလွန်ဖောက်ဖျက်ခြင်း များရှိလာခဲ့ပါက၊ “ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့” သို့ ချက်ခြင်းအကြောင်းကြားရန်၊

လိုအပ်လာလျှင် လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသည့် နိုင်ငံတကာလေ့လာစောင့်ကြည့်ရေး အဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သည့် လုပ်ပိုင်ခွင့်များပေးအပ်ရန် မူအားဖြင့် သဘောတူသည်။

**(၁၅) "ပဋိပက္ခများငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းရေးအဖွဲ့" ဖွဲ့စည်းရေးသဘောတူညီချက်**

အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း မတော်တဆဖြစ်မှု များဖြစ်ခဲ့ပါက လက်နက်ဖြင့် ပဋိပက္ခများအား ဖြေရှင်းခြင်း၊ ကိုယ်ထိလက်ရောက် အကြမ်းဖက် ဖြေရှင်းခြင်းများ မပြုလုပ်ရန်နှင့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူရန် သဘောတူသည်။

ချင်းပြည်နယ် နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီး ဦးဆောင်သည့် ပဋိပက္ခညှိနှိုင်း ဖြေရှင်းရေး အဖွဲ့ကို ပဋိပက္ခဖြစ်ပွားရာဒေသရှိ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော် ဆက်ဆံရေး အရာရှိ၊ နယ်မြေခံ ဗျူဟာမှူး (သို့မဟုတ်) နယ်မြေခံတပ်မတော်အရာရှိ၊ နယ်မြေခံမြန်မာနိုင်ငံရဲတပ်ဖွဲ့ အကြီးအကဲ၊ ချင်းငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးသည့် ပုဂ္ဂိုလ်များနှင့် ဒေသခံအပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရန်၊

ပဏာမအဆင့် သဘောတူညီချက်များနှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များအား ကျူးလွန် ဖောက်ဖျက်ခြင်းရှိသည်ဟု ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်၏ ဆက်ဆံရေး တာဝန်ခံက သော်လည်းကောင်း၊ မြန်မာ့တပ်မတော်မှ တာဝန်ရှိပုဂ္ဂိုလ်တဦးဦးက သော်လည်း ကောင်း၊ အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့က သော်လည်းကောင်း ချင်းပြည်နယ် နယ်စပ်ဒေသ လုံခြုံရေး ဝန်ကြီးထံသို့ တိုင်ကြားလာပါက ဝန်ကြီးသည် ပဋိပက္ခညှိ နှိုင်းဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို (၇) ရက်အတွင်း ခေါ်ယူပြီး ပဋိပက္ခ ပြဿနာများကို ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေး ဦးစီးလုပ်ဆောင်ရန်၊

ပဏာမသဘောတူညီချက် (၉) ချက်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို အခြေခံလျက် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် နှစ်ဦးနှစ်ဖက်က သဘောတူလျှင် အဆိုပါ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရန်၊

ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အား နှစ်ဦးနှစ်ဖက်ဖြစ်စေ၊ တစ်ဖက်ဖက် မှဖြစ်စေ သဘောတူ လက်ခံနိုင်ခြင်းမရှိပါက ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော် ခေါင်းဆောင်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အနောက်ပိုင်းတိုင်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်များမှ တာဝန်ရှိ သူများအပြင် ပြည်ထောင်စု အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဝင်များ ပါဝင်လျက် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်၊

ပထမအကြိမ် ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးသဘောတူညီချက် အချက် (၉) ချက် ရရှိပြီး၊ ပြည်ထောင်စုအဆင့်ဆွေးနွေးမှုတွင် သဘောတူညီချက် (၁၅)ချက် ရရှိနိုင်ခြင်းသည်၊ တိုးတက်မှု တရပ်ဖြစ်သည်ဟု ချင်းအမျိုးသားတပ်ဦးအနေဖြင့် ယူဆသည်။ ၎င်းအပြင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့်အစိုးရအနေဖြင့် "ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ"အား ဖွဲ့စည်းခြင်းကို ကြိုဆိုသည့်အပြင်၊ ၎င်းကော်မတီတွင် ပြည်ထောင်စု အဆင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားရေးဌာနများ၊ မြန်မာ့တပ်မတော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များပါလာသဖြင့်၊ လက်ရှိအစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်း သည် တဖြည်းဖြည်းတိုးတက်နေသည်ဟု ယူဆ ရသည်။ သို့ရာတွင် ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးသည် ချင်းအမျိုးသား

တပ်ဦး၊ ချင်းပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုအစိုးရနှင့် ချင်းပြည်နယ်အစိုးရတို့အပေါ်တွင် မူတည်သည်။ သို့ဖြစ်ပါ၍ ထာဝရ တည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးကို အမျိုးသားရေးတာဝန်တရပ်အဖြစ်ခံယူကာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအားလုံးမှ တက်တက်ကြွကြွ ကျရာတာဝန် ထမ်းဆောင်ကြပါရန် လေးစားစွာဖြင့်မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး၊ ချင်းလဲန်း

ရက်စွဲ၊ ၂၀၁၂ ခုနှစ် မေလ ၁၉ ရက်။